# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးချက်များ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများအဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး တန်ဘိုးမြှင့်ထုတ်ကုန်နှင့် ကုန်ချောများကို ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖြစ်ပေါ်စေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၃ ခုနှစ် မေလ (၁၂) ရက် နံနက် (၀၉;၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အသေးစား၊ အငယ်စား နှင့်အလတ်စား လုပ်ငန်း( MSME) များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားနှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကိုကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲနှင့်ဒေသထုတ်ကုန်ပြပွဲအခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ တွဲဘက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊

ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကိုကို၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်နီလင်းအောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အစိုးရ အဖွဲ့ဝင်များ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ၊ စုစုပေါင်း(၃၈၆)ဦး တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသထွက်ကုန်ပစ္စည်း ပြခန်း(၁၂) ခန်းအားခင်းကျင်းပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်း တင်ပြပါသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ ကို ရှင်းလင်း တင်ပြပါသည်။ ဆက်လက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ (MSME) လုပ်ငန်းရှင်များ အနက် လုပ်ငန်းရှင်(၄)ဦးတို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးတင်ပြခဲ့ကြပြီးနောက် အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်း လင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်ဖြည့်စွက် ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆောင်ရွက်ချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားအစီအစဉ်အား **နောက်ဆက်တွဲ(က)**ဖြင့် တင်ပြအပ် ပါသည်။

### ဆွေးနွေးတင်ပြချက်များ

၆။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် (၄)ဦးမှ ဒေသထွက် မိရိုးဖလာ စားသောက်ကုန်များကိုတန်ဘိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျှက်ရှိမှု၊ ပြည်ပ ဈေးကွက်ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့်ကိစ္စများ မျိုးကောင်းမျိုးသန့် စံနှုန်းမီကော်ဖီပျိုးပင်များရရှိရေးနှင့် တိုးချဲ့စိုက်ပျိုး လိုမှုအတွက်မြေနေရာ ရရှိနိုင်ရေး၊ နည်းပညာဆိုင်ရာလေ့လာရေးများ၊ ဆွေးနွေးပွဲများကူညီ

ဆောင်ရွက်ပေးစေလိုမှု ၊ ကော်ဖီ သည် ဈေးကွက်လိုအပ်ချက်များစွာရှိနေပြီး ဒေသထွက်ကော်ဖီ အရည်အသွေးများကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်မှုနှင့် ဈေးကွက်ကို တည်ငြိမ်အောင်ထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသထွက်လက်ဖက် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျှက်ရှိမှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နေရာများအား လမ်းအဆင့်မြင့်တင်ခြင်းများ ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် လမ်းပန်း ဆက်သွယ်ရေးအလှမ်းကွာဝေးပြီး သွားလာမှုစရိတ်များ မြင့်မားသည့်အတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျှက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုအဆင်ပြေစေရေး နိုင်ငံတော်မှ ကူညီ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်ဆက်သွယ်မှု ခက်ခဲသည့် ဒေသများ၌ ဆက်သွယ်ရေး အဆင်ပြေစေရေး တယ်လီဖုန်းလိုင်းများ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကိုအသီးသီးတင်ပြ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးတင်ပြချက်များကို **နောက်ဆက်တွဲ (ခ)ဖြင့်** တင်ပြအပ်ပါသည်။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဌာနဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့မှ ၎င်းတို့၏ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့်အခြေအနေများကို ရှင်းလင်း ဆွေးနွေး ခဲ့ကြပါသည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့်တင်ပြအပ်ပါသည်။

## လမ်းညွှန်မှာကြားချက်များ

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီး ပြန်လည်ဆွေးနွေးပြီးဖြစ်ကြောင်း ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးပြီး တန်ဘိုးမြှင့်

ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ကြောင်း ပုဂ္ဂလိက စီးပွားရေးကို မြှင့်တင်နိုင်မှသာလျှင် ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည် ဖြစ်ကြောင်း သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကုန်ကြမ်းရောင်းချခြင်းထက် ကုန်ချောပြုလုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း တန်ဘိုးမြှင့်ထုတ်ကုန်နှင့်ကုန်ချောများကိုထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးပြီး ကုန်ကြမ်းများရှိမှသာ ကုန် ထုတ်လုပ်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

၉။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နှစ်ရှည်သီးနှံများ ဖြစ်သည့် ကော်ဖီနှင့်လက်ဖက် အပါအဝင်ဒေသတွင်း ဖြစ်ထွန်းသည့်သီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ကော်ဖီဈေးကွက်မှာ ပြည်ပလိုအပ် ချက်များစွာ ရှိသဖြင့် ကော်ဖီစိုက်ပျိုးသည့် တောင်သူများ အဆင်ပြေလျှက်ရှိကြောင်း၊မိမိတို့ နိုင်ငံမှထွက်ရှိသည့် ကော်ဖီများကိုပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ကော်ဖီလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကော်ဖီဈေးကွက်ကို ရေရှည် တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက်မှာ မိမိတို့ ထုတ်လုပ်သည့် ကော်ဖီ၏ အရည်အသွေး နှင့် တိုက်ရိုက်အချိုးကျသည် ဖြစ်သဖြင့် လုပ်ငန်းစဉ်များအလိုက် ပြည့်ဝစွာ ဆောင်ရွက်ပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကိုထုတ်လုပ်ရန်လိုကြောင်း၊ ကော်ဖီနှင့် ပတ်သက်သည့် ပြည်တွင်းပြည်ပလေ့လာရေး ခရီးစဉ်များအတွက်လည်း ကော်ဖီလုပ်ငန်းရှင်များ အသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

၁၀။ ထိုနည်းတူ လက်ဖက်စိုက်ပျိုးမှု များကိုလည်း အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်၍ အခြားဒေသသို့တင်ပို့ ရောင်းချနိုင်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် ဆောင်ရွက်ခြင်း ထက်ခေတ်နှင့် လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်စွမ်းအား မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေကြာ၊ပန်းနှမ်း၊မြေပဲကဲ့သို့ ဆီထွက်သီးနှံများကို စိုက်ပျိုး နိုင်ကြောင်း၊ ဒေသတွင်းဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဒေသ၏ ဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

၁၁။ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဆိုပါက ဒေသတွင်း စားသုံးမှုအတွက် လိုအပ်သည့် အသားငါးနှင့်ဥများကို လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပြီး အသားဈေးကြီးမြင့်မှု ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လိုသူများအား နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးသွား မည်ဖြစ် ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ ကိုကုန်ချောက် အဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်သကဲ့သို့ ယိုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ရာဘာထုတ်လုပ်မှုများကိုလည်း မြှင့်တင် ဆောင်ရွက် ရန်လိုကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ကောက်ညှင်းကိုလည်း တန်ဘိုးမြှင့် ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်များ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ ဆောင်ရွက် ပေးလျှက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ အနေဖြင့်လည်း တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှလေကြောင်းခရီးစဉ်ဖြင့် မိမိတို့ ဒေသသို့ ပြည်ပခရီးသွားများ လာရောက်သည့်အချိန်တွင် ဒေသသာယာလှပရေးနှင့် တည်းခိုမည့်နေရာများကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်ထားကြစေလိုကြောင်း။

၁၂။ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်များရရှိရေးအတွက် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင်(၅၀)တွင် ဖွင့်လှစ်ရန်ဆောင်ရွက်လျှက်ရှိကြောင်း၊ ထိုမှ တစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ အနေဖြင့် စီးပွားရေးပညာရပ်များကို သိရှိစေရေးနှင့် ဥပဒေဘာသာရပ်များကို သင်ကြားပေးလျှက်ရှိ ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကိုဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပြီး ပြည်နယ်များအနေဖြင့်လည်း မိမိတို့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသ၍ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့် အတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလို ကြောင်း၊ ဆွေးနွေးတိုက်တွန်းပြောကြားပါ သည်။

## MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ

၁၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားအစီအစဉ်အား နေ့လည် (၁၂:၄၅)နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု့အားပေး

ခဲ့ပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်များ၊ ရှမ်းရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ဆန်များ၊ တိုင်းရင်းဆေးဝါးထုတ်ကုန်များ ယွန်းရှမ်း ယွန်းထည်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်း (၁၅၅)မျိုးကို ခင်းကျင်းပြသထားသော ပြခန်း(၁၂)ခန်းအား လှည့်လည်ကြည့်ရှုအားပေး၍ နေ့လည် (၁၃:၁၀)နာရီအချိန်တွင် အခမ်းအနား ပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနားနှင့် လှည့်လည်အားပေးကြည့်ရှုခြင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု မှတ်တမ်း ဓါတ်ပုံများအား **နောက်ဆက်တွဲ(ဃ)**ဖြင့် တင်ပြအပ်ပါသည်။

**နိဂုံး**

၁၄။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ၎င်းတို့ လိုအပ်နေသည့် ဈေးကွက်ရရှိရေး၊ အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာ ရရှိ စေရေး၊ တိုးချဲ့စိုက်ပျိုးမြေရရှိစေရေး၊ ကော်ဖီ၊ မြေပဲ၊ ပန်းနှမ်း၊နေကြာနှင့် စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး ထုတ်ကုန်အရည်အသွေး အဆင့်မြှင့် တင်နိုင် ရေးဆောင်ရွက်နိုင်ရန်၊ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

နောက်ဆက်တွဲ(က)

**၂၀၂၃ ခုနှစ်၊ မေလ (၁၂)ရက်နေ့ (၀၉:၀၀)နာရီအချိန် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

| | |
|---|---|
| အစီအစဉ်(၁) | အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း။ |
| အစီအစဉ်(၂) | ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသဆိုင်ရာ အချက်အလက်များတင်ပြခြင်း။ |
| အစီအစဉ်(၃) | ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး က ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတင်ပြခြင်း။ |
| အစီအစဉ်(၄) | တက်ရောက်လာသည့် လုပ်ငန်းရှင်များမှ တင်ပြခြင်း။<br>(က) ဂျဒယ်အာခါကော်ဖီလုပ်ငန်းရှင် (ရှမ်းအရှေ့) ကော်ဖီလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးရာထွန်းက ဆွေးနွေးတင်ပြခြင်း။<br>(ခ) ကျိုင်းတုံဟိုတယ်လုပ်ငန်းရှင်များအသင်း နာယက ဦးစိုးရွှေ က ဆွေးနွေးတင်ပြခြင်း။<br>(ဂ) တော်ဝင်မိုင်းယောင်းဆန်စက်၊ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးစိုးသီဟ က ဆွေးနွေးတင်ပြခြင်း၊<br>(ဃ) မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရှောက်တီ ကဆွေးနွေးတင်ပြခြင်း၊ |
| အစီအစဉ်(၅) | အထွေထွေဆွေးနွေးတင်ပြခြင်း။ |
| အစီအစဉ်(၆) | တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်း ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ပြန်လည်ဆွေးနွေးတင်ပြခြင်း။ |
| အစီအစဉ်(၇) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေး အမှာစကားပြောကြားခြင်း။ |
| အစီအစဉ်(၈) | အခမ်းအနား ပြီးမြောက်ကြောင်း ကြေငြာခြင်း။ |
| အစီအစဉ်(၉) | အသေးစား၊ အငယ်စားနှင့် အလတ်စား ပြခန်းများအား လှည့်လည် ကြည့်ရှုခြင်း။ |

နောက်ဆက်တွဲ(ခ)

## အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ

### (က) ဦးယာထွန်း၊ ဂျဒယ်အာခါကော်ဖီလုပ်ငန်း၊ ကော်ဖီအသင်းအစုအဖွဲ့ ဥက္ကဋ္ဌ

၁။ ကျွန်တော်ကတော့ ကော်ဖီအသင်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးယာထွန်းပါခင်ဗျာ

၂။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်မှာ ကော်ဖီကုန်ကြမ်းများများရရှိဖို့ တိုးချဲ့ စိုက်ပျိုးလိုပါတယ်။ ကော်ဖီခူးသည့် ရာသီချိန်ဖြစ်သော အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကော်ဖီသီးများခူးဆွတ်ရာ၌ ကော်ဖီအရည်အသွေး ထိန်းသိမ်း နိုင်ရေး အတွက် နည်းပညာ လိုအပ်နေပါတယ် ခင်ဗျာ။

၃။ အဆိုပါလုပ်ငန်းနှင့်ပါတ်သက်၍ လိုအပ်ချက် အခက်အခဲများအား တင်ပြအပ်ပါ သည် ခင်ဗျာ။ ကျွန်တော့် ကော်ဖီလုပ်ငန်းအတွက် စံချိန်မီ မျိုးကောင်း မျိုးသန့် ပျိုးပင်များလည်း ရရှိလိုပါတယ်ခင်ဗျာ၊ ၂၀၂၂-၂၀၂၃ ခုနှစ် ကော်ဖီရာသီအတွင် ကော်ဖီဝယ်လိုအားအလွန်မြင့်မားခဲ့ချိန်တွင် ထိုင်းနိုင်ငံမှအချို့လုပ်ငန်းရှင်များသည် ဒေသပေါက်ဈေးထက်အဆမတန်ပေး၍ လာရောက်ဝယ်ယူမှုရှိခဲ့လို့ ဒေသခံကော်ဖီ ထုတ်လုပ်ရောင်းချသူများနေနဲ့ အခက်အခဲများတွေ့ရှိခဲ့ရပြီး ဈေးကွက်ယှဉ်ပြိုင်နိုင် ရန် ခက်ခဲနေပါသဖြင့် ကုန်ကြမ်းများရှားပါးလာပြီး ဒေသတွင်းထုတ်လုပ်ရောင်းချ နေသူများအနေဖြင့် ဒေသထုတ်ကုန်အဖြစ် ပြန်လည်ရောင်းချနိုင်ရန် ဖြစ်ပေါ်နေ သည့် အခက်အခဲများအတွက် နည်းလမ်းများကို နိုင်ငံတော်မှကူညီကာကွယ် ပံ့ပိုး ပေးနိုင်ပါရန်၊ ကုန်ကြမ်းများများရရှိရေးအတွက် စိုက်ပျိုးမြေများတိုးချဲ့ လိုပါတယ် ခင်ဗျာ၊ ဒေသထုတ်ကုန် ကော်ဖီအရည်အသွေးပြည့်မီရေး နည်းပညာဆိုင်ရာ လေ့လာရေးကို ပြည်ပ(သို့မဟုတ်) ပြည်တွင်း လုပ်ငန်းတည်ရှိရာနေရာများသို့ လေ့လာရေးခရီးစဉ်များ သွားရောက်လိုခြင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးစေလို ကြောင်း၊ ကော်ဖီလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်လာစေနိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

### (ခ) ဦးစိုးရွှေ ၊ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်းနာယက

၁။ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များအသင်းအနေနဲ့ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေလျှက်ရှိပါတယ်

ခင်ဗျာ။ လက်ရှိကျိုင်းတုံမှာတော့ ဟိုတယ် (၁၈) လုံးနှင့် တာချီလိတ်မှာ (၆၆) လုံး ၊ မိုတယ်(၈၄) လုံး ရှိပါတယ်ခင်ဗျာ ၊ ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ရေးအတွက် ဟိုတယ်များတွင် လာရောက်သည့် ခရီးသွားဧည့်သည်များနှင့် ကိုက်ညီမည့် ဒေသအစားအစာများ၊ ဟိုတယ်၊ မိုတယ်များအား သန့်ရှင်းသာယာလှပမှုများ ပြုလုပ် ဆောင်ရွက်နေလျှက်ရှိပါတယ်ခင်ဗျာ။

**(ဂ) ဦးစိုးသီဟ၊ ဥက္ကဋ္ဌ၊ တော်ဝင်မိုင်းယောင်းသမဝါယမအသင်း**

၁။ ကျွန်တော်ကတော့ တော်ဝင်မိုင်းယောင်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးစိုးသီဟ ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့အသင်းကို ဥက္ကဋ္ဌ အပါအဝင် အသင်းဝင် ဒါရိုက်တာ (၁၀)ဦးဖြင့်ဖွဲ့စည်းထားပါတယ် ခင်ဗျာ။ ကျွန်တော်တို့ အသင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်အသင်းအဖွဲ့အစည်းက တန်(၃၀) အဆင့်မြင့် ဆန်စက်ကို တည်ထောင်ထားတဲ့အသင်းဖြစ်ပါတယ်ခင်ဗျာ။

၂။ တော်ဝင်မိုင်းယောင်း ဆန်စက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ ခရီးစဉ်လမ်းညွှန်ချက်အရ (၂၁.၆.၂၀၂၂)ရက်နေ့မှာ စတင် တည်ဆောက်ပြီး (၂၁.၈.၂၀၂၂)ရက်နေ့တွင် ဆန်စက်အား ဖွင့်လှစ်ခဲ့ပါတယ် ခင်ဗျာ။ အသင်းအနေနဲ့လက်ရှိမှာ မိုင်းယောင်းမြို့နယ်မှာ စိုက်ပျိုးထွက်ရှိသည့် ရာသီဆန်စပါးများကို ဒေသတွင်းစားသုံးရန် တင်ပို့ရောင်းချနေပြီ ဖြစ်ပါတယ် ခင်ဗျာ။ အသင်း၏ မတည်ရင်းနှီးငွေအားဖြင့် ကျပ် ၅၂၁ သန်းခန့် ပုံသေပိုင် ရင်းနှီး ထားရှိပြီး ကျေးလက်စီးပွားမြင့်မားတိုးတက်ရေး ရန်ပုံငွေကျပ်သန်း ၆၀၊ သမ အသင်း စုချေးငွေကျပ်သန်း ၅၀၊ နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေး ရန်ပုံငွေ ကျပ်သန်း ၁၅၀ နှင့် အဖွဲ့ဝင်များရင်းနှီးငွေများဖြင့် စုပေါင်းမတည်ထားခြင်း ဖြစ် ပါတယ်ခင်ဗျာ။ လုပ်ငန်းလည်ပတ်မှု အခြေအနေအရ သမအသင်းစု ချေးငွေ ကျပ်သန်း ၅၀ ကိုတော့ ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီဖြစ်ပါတယ်ခင်ဗျာ။

၃။ ၂၁.၈.၂၀၂၂ ရက်နေ့မှ ယနေ့အထိ စပါးတင်းပေါင်း ၃ သောင်းခန့် ကြိတ်ခွဲနိုင်ခဲ့ပြီး ကီလိုအားဖြင့် ၅၈၆၆၈၀ ခန့်ကြိတ်ခွဲရောင်းချနိုင်ခဲ့ပါတယ် ခင်ဗျာ။ စပါးလက်ကျန် တင်းပေါင်း ၁၈၀၀၀ ခန့်သိုလှောင်ထားရှိကာ နေ့စဉ်ဆန်မှာယူမှု အမှာစာများအရ ကြိတ်ခွဲရောင်းချလျှက်ရှိနေပြီဖြစ်ပါတယ်ခင်ဗျာ။ အဓိကအားဖြင့်တော့ မိုင်းယောင်း

ဒေသထွက် မော်ဘီ (၃)ဆန်ချော၊ ဆန်ကြမ်း၊ ကောက်ညှင်း စပါးများကို ကြိတ်ခွဲ ရောင်းချလျှက်ရှိပါတယ် ခင်ဗျာ။

၄။ ယခုလို ဆန်စက်ကို အချိန်တိုကာလအတွင်း အောင်မြင်စွာ တည်ဆောက်နိုင်အောင် ခရီးစဉ်လမ်းညွှန်ချက် ချမှတ်ပေးခဲ့ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အားလည်း အသင်းကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆန်စက် တည်ဆောက်ခဲ့ရာမှာ လမ်းညွှန်ကူညီ ပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရ အဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်အဆင့်မှ တာဝန်ရှိသူများ အားလုံးလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။

## (ဃ) ဦးရှောက်တီ၊ ဥက္ကဋ္ဌ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်း

၁။ ကျွန်တော်ကတော့ လားဟူ+လီရှော တိုင်းရင်းသား လွိုင်မွေ ဇာတိဖွား ဦးရှောက်တီ ဖြစ်ပါတယ်ခင်ဗျာ။ လက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရဲ့ လက်ဖက် အစုအဖွဲ့ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ဥက္ကဋ္ဌ တာဝန်ကို စတင်တာဝန် ထမ်းဆောင်သူ ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လက်ဖက်အသင်း သမိုင်းကြောင်းကို အနည်းငယ် တင်ပြလိုပါတယ် ခင်ဗျာ။ ကျွန်တော်တို့ရဲ့ လက်ဖက်အစုအဖွဲ့ကို ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ အသင်းဝင် အင်အား ၂၀၀ ကျော်ဖြင့်စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး လက်ဖက်စိုက်တောင်သူ များ၏ အကျိုးကို သယ်ပိုးထမ်းရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်တို့အသင်းအစုအဖွဲ့အနေနဲ့ လက်ဖက်စိုက်တောင်သူများအတွက်

(က) ဒေသထွက်လက်ဖက်များဈေးကွက်ခိုင်မာစွာရရှိရေး

(ခ) လက်ဖက်စိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး

(ဂ) ဒေသထွက် တန်ဖိုးမြင့် လက်ဖက်ဖြင့် ပြည်ပသို့ ပိုမိုတင်ပြ ရောင်းချနိုင်ရေး

(ဃ) လက်ဖက်နှင့်ပတ်သက်သည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ကာ ဈေးကွက် ချဲ့ထွင်နိုင်ရေး

(င) လက်ဖက် စိုက်ပျိုးရေးဇုန် တည်ထောင်နိုင်ရေး စသည့် ရည်ရွယ်ချက် ကောင်းများ ချမှတ်ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် အစဉ်တစိုက် တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**အထွေထွေဆွေးနွေးခြင်း**

**(က) ဒေါက်တာဖုန်းမြင့်၊ပရဟိတအသင်း**

ကျွန်တော်ကတော့ ဒေါက်တာဖုန်းမြင့်ပါခင်ဗျာ။ ကျွန်တော့်ကို လူ့အရင်းအမြစ် ခေါင်းစဉ်ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျာ။ ကျွန်တော်က လူမှုဆက်ဆံရေး ပညာများကို အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး)၊ အောက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)များသို့လည်း သွားရောက်ပို့ချ ပေးပါတယ် ခင်ဗျာ။ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများကိုလည်း နေရာအနှံ့ ဖွင့်လှစ်ပေးနေပါတယ်ခင်ဗျာ။ လူငယ်တွေရဲ့အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေး ကို ပေါင်းစပ် လုပ်ကိုင်တက်ဖို့အတွက် လူငယ်ကဏ္ဍမှာ ကျွန်တော့်ကို ပူးပေါင်း ဆောင်ရွက်ဖို့ တာဝန်ပေးအပ်မယ်ဆိုရင် လုပ်ဆောင်ချင်ပါတယ်ခင်ဗျာ။

**(ခ) ဦးမင်းညို ၊အဖွဲ့ဝင် ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)**

ကျွန်တော်ကတော့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးမင်းညိုဘဲ ဖြစ်ပါ တယ်ခင်ဗျာ။ ဒေသခံတောင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင် တစ်နိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျွန်တော်တို့ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် နယ်စပ်မြို့ ဖြစ်တဲ့အတွက် ထုတ်ကုန် လုပ်ငန်းများ ပို့ရာတွင် ကုန်သွယ်မှုလမ်းကြောင်းများ အဆင်ပြေချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်ပါရန် တင်ပြအပ်ပါ သည်။

**(ဂ) ဦးလုကာ၊ အဖွဲ့ဝင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ**

ကျွန်တော်ကတော့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးလုကာဘဲ ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော် တင်ပြလိုတာကတော့ ခိုရှို-မိုင်းဟဲ – မိုင်းခုတ်လမ်း သည် မြေသားလမ်းဘဲ ဖြစ်နေတဲ့အတွက် အသုံးပြုနိုင်ခြင်းမရှိ၍ လမ်းပြင်ဆင် ပေးနိုင်ပါရန် တင်ပြအပ် ပါတယ်ခင်ဗျာ။

**(ဃ) ဒေါက်တာစန်းစန်းမာ၊ပါမောက္ခချုပ်၊ကျိုင်းတုံတက္ကသိုလ်**

၁။ ကျွန်မကတော့ ကျိုင်းတုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစန်းစန်းမာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ကျိုင်းတုံတက္ကသိုလ်မှာ Tourism ဘာသာရပ်နှင့် ဘူမိဗေဒဘာသာရပ်ကို အဓိကဘာသာရပ်အဖြစ် တိုးချဲ့ဖွင့်လှစ်ပို့ချချင်ပါ

တယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံများနှင့် ဆက်စပ်နေ၍ ၎င်းနိုင်ငံများ၏ ဘာသာစကားများကို အဓိကထားပြီး Tourism ဘာသာရပ်ကို သင်ပေးချင်ပါတယ်။ တက္ကသိုလ်ဝင်တန်းမှာဘဲ ရပ်တန့်နေတဲ့ လူငယ်တွေကို အသိအမှတ်ပြု လက်မှတ်ရရှိတဲ့သင်တန်းတွေ ဖွင့်လှစ်ပေးနိုင်မည် ဆိုလျှင် တခြားနိုင်ငံကို သွားရောက် လုပ်ကိုင်စရာမလိုဘဲ မိမိတို့ဒေသမှာဘဲ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မှာဖြစ်၍ ကျိုင်းတုံတက္ကသိုလ်တွင် ထည့်သွင်း သင်ကြားပို့ချလိုကြောင်း တင်ပြအပ်ပါတယ်ရှင်။

၂။ နောက်တစ်ခုတင်ပြလိုတာကတော့ ကျွန်မတို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင်နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသည် ခရီးသွား လာရာ၌ ကုန်ကျစရိတ်မှာ လစာနှင့်နီးပါးညီမျှသော လက်မှတ်ခ စျေးနှုန်းများဖြစ်နေပါ၍ လေယာဉ်လက်မှတ် စျေးနှုန်းအား ယခင် ခွင့်ပြုသတ်မှတ်ပေးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအတွက် ၅၀ % ဖြင့် သွားလာ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။

**(င) ဦးစိုင်းဟန်နွံ၊ မြို့မိမြို့ဖ**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနေသော မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးစိုင်းဟန်နွံ့ မှမင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ဆက်သွယ်ရေး ကိစ္စနှင့်ပတ်သက်ပြီး အနည်းငယ် တင်ပြခွင့်ပြုပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ကျိုင်းတုံမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု (၁၆)အုပ်စုအနက် ၊ကျေးရွာအုပ်စု (၃)အုပ်စုမှာ ဆက်သွယ်ရေးရရှိနိုင်ခြင်း မရှိသေးပါခင်ဗျာ။ အဲ့ဒီအုပ်စုတွေကတော့ မိုင်းကိုင်အုပ်စု၊ ပါမန့်ကျေးရွာအုပ်စု၊မိုင်းဝေါကျေးရွာအုပ်စုတို့ဘဲ ဖြစ်ပါတယ်ခင်ဗျာ။ အဲ့ဒီကျေးရွာအုပ်စုများမှာ MPT (သို့) Mytel Operator များ ရရှိလိုပါလိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

နောက်ဆက်တွဲ(ဂ)

**လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ်**
**သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များ**

**(၁) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**

လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဖြစ်ပါတယ်။ MSME ကိစ္စနှင့်ပတ်သက်ပြီးပြောကြားချင်ပါတယ်။ စီးပွားရေးဦးတည်ချက်(၄)ရပ်ကို အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျာ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အခြေခံကျတဲ့ MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာဖို့အတွက်နှင့် သွင်းကုန်အစားထိုးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အခြေခံကျတဲ့ MSME လုပ်ငန်းများ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးပေးနိုင်ရန် စက်မှုဝန်ကြီးဌာနမှ တစ်ဆင့်ချေးငွေများ ရယူနိုင်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**(၂) ရင်းနှီးမြှုပ်နှံမှုနိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**

အားလုံးဘဲမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် ဖြစ်ပါတယ်ခင်ဗျာ။ ရှမ်းပြည်နယ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းတဲ့ဒေသဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု(၂၉)ခုရှိပါတယ်။ (၂၉)ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ(၇၆၇.၂၇၉)သန်း ခွင့်ပြုပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အနေနဲ့ကတော့ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေး နှစ်ထိ ရင်းနှီးမြှုပ်နှံမှုပမာဏ ၁၃၈၅၄၀၅.၀၆၉ ကျပ်သန်းခွင့်ပြု ထားပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရှိပါဘူး။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု(၂)ခုရှိပါတယ်။ အဲ့ဒါတွေကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း (၂)ခုအတွက် ကျပ်သန်း(၈၀၀၀) ခွင့်ပြုထားပါကြောင်းဆွေးနွေးပြောကြားသွားပါတယ်။

**(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်**

လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ကော်ဖီအသင်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးယာထွန်း၏ တင်ပြချက်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်ခင်ဗျာ။ ကော်ဖီပင်များတိုးချဲ့ စိုက်ပျိုးချင်ရင် မြေလွတ်မြေရိုင်း(သစ်တောမြေမှအပ) လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီကိုတင်ပြပါ။ ဧက(၃၀၀)အထိခွင့်ပြုနိုင်မှာဖြစ်ပါတယ်။ ဦးယာထွန်းတင်ပြသွားတဲ့ ကော်ဖီဈေး ထိန်းညှိနိုင်ရေးအတွက်ကတော့ ဈေးကွက်မပျောက်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးခြံမှာ မျိုး(၇)မျိုးနှင့် ကော်ဖီပျိုးပင် (၅၃၀၀၀) ပျိုးထောင် ထားပါတယ်။ စိုက်ပျိုးတောင်သူများ အကူအညီတောင်းခံနိုင်ပါတယ်ဆိုတဲ့အကြောင်းဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**(၄) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး**

မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့အနေနဲ့ပြောလိုတာကတော့ MSME လုပ်ငန်းတွေလုပ်ကိုင်မည်ဆိုလျှင် စိုက်ပျိုးရေးနှင့်ပူးပေါင်း လုပ်ကိုင်ကြဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ချိတ်ဆက်ပြီး လုပ်ကိုင်ကြဖို့နှင့်သမဝါယမအသင်းများဖွဲ့ပြီး သမဝါယမစနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်လျှင် ပိုမိုတိုးတက်ခိုင်မာမှာ ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါတယ်။

**(၅) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ**

အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တိုင်းတာချက်များအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် သစ်တောဖုံးလွှမ်း မှုအနေဖြင့် FRA ၂၀၁၅ အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဧရိယာ၏ ၆၀. ၁၇ ရှိကြောင်း FRA ၂၀၂၀ အရ ၈၂.၀၃ ရှိသည်ဖြစ်၍ သစ်တောဖုံးလွှမ်းမှု တိုးတက်လာပါသဖြင့် ပြည်သူများအနေဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဝါးအလုံးရေ

၀.၂၅ သန်းထုတ်လုပ်နိုင်ခဲ့ပြီး မျှင်၊ ကြခတ်၊ ဝါးနီ၊ ကြသောင်း စသည့် ဝါးများကို အဓိကထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဝါးသယံဇာတများ ထုတ်လုပ်နိုင်မည့် အလားအလာကောင်းများရှိပါကြောင်းနှင့် ဝါးအခြေခံ ထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည် ဖြစ်ပါကြောင်း၊၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်လည်း ဝါးအလုံးရေ ၀.၂၅ သန်း ထုတ်လုပ်နိုင်ရန် လျာထားပါကြောင်း ဆွေးနွေးပြောကြားသွားပါသည်။

**(၆) စက်မှုဝန်ကြီးဌာန ၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**

အားလုံးမင်္ဂလာပါခင်ဗျာ။

၁။ ဒီကနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အရာရှိကြီးများ MSME လုပ်ငန်းရှင်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဖြစ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော့်အနေနဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် အရေးပါတဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ တို့ကိုဖွဲ့စည်းပြီး ကဏ္ဍအလိုက် ဆောင်ရွက်လျှက်ရှိပါတယ်။ တိုင်းဒေသကြီးပြည်နယ်များမှာ MSME အေဂျင်စီများ ဖွဲ့စည်းထားပြီးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါတယ်။ MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအသီးသီးမှာရှိတဲ့ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲများကို (၁၈)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီခရီးစဉ်များအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားချက်စုစုပေါင်း (၁၆၉) ချက်ရှိပါတယ်။ MSME လုပ်ငန်းရှင်များမှ တင်ပြချက်များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားစတဲ့ ကဏ္ဍ(၇)ခုမှာ တင်ပြချက်စုစုပေါင်း (၂၀၅)ချက်ရှိပါတယ်။

၃။ ၂၀၂၃ ခုနှစ် မတ်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ရှမ်းပြည်နယ် ခရီးစဉ်အတွင်းလမ်းညွှန်ချက် (၂၁)ချက်ရှိတဲ့အနက် စက်မှုဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ (၇)ချက်ကို သက်ဆိုင်ရာ

ဝန်ကြီးဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျှက်ရှိပါတယ်။ MSME လုပ်ငန်းရှင်များရဲ့တင်ပြချက်စုစုပေါင်း (၂၈)ချက်အနက် (၂၁)ချက်ကို ဆောင်ရွက်ပြီးဖြစ်ပြီး (၇)ချက်ကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

၄။ သက်ဆိုင်ရာအေဂျင်စီများ အနေဖြင့် MSME များမှတ်ပုံတင်ခြင်းကို လက်ရှိအနေဖြင့် SME Member Card များကို ထုတ်ပေးလျှက်ရှိပြီး လာမည့်ဘဏ္ဍာနှစ်မှစ၍ SME Member Card အစား SME မှတ်ပုံတင်ကတ်ပြား များကိုစတင်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ မိုက်ခရိုအဆင့် လုပ်ငန်းတွေအတွက်ပါ မှတ်ပုံတင်ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ SME Member Card များကို (www.msme webportal. gov.mm) တွင်လျှောက်ထားနိုင်ပြီး ကျသင့်ဝန်ဆောင်ခကိုလည်း e-Payment စနစ်ဖြင့် လွယ်ကူ မြန်ဆန်စွာ ပေးသွင်းနိုင်မှာ ဖြစ်ပါတယ်။ ဦးယာထွန်းရဲ့ ဆွေးနွေးချက်နှင့် ပတ်သက်ပြီးကော်ဖီဆွေးနွေးပွဲများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျာ။

**(၇) ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး**

ဒီနေ့ တင်ပြဆွေးနွေးသွားတဲ့ ကော်ဖီလုပ်ငန်းနှင့်ပတ်သက်ပြီး လိုအပ်ချက်များဖြစ်သည့် ပျိုးပင်များ စီစဉ်ပေးသွားပါ့မယ်။ ကော်ဖီနှင့်ပတ်သက်သည့် နည်းပညာများ ရရှိနိုင်ရေး အတွက် လေ့လာရေးသွားလာနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးပါ့မယ်။ တဖက်နိုင်ငံကို တင်ပို့ရောင်းချမှုမရှိရေး စီစစ်ဆောင်ရွက်ပေးသွားမယ်။ လက်ဖက်ကိုတန်ဘိုးမြှင့် ထုတ်ကုန်အဖြစ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းများဖြစ်တဲ့ ဟိုတယ်ခရီးသွားလုပ်ငန်းများကို များများစားစားစီစစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ MSME လုပ်ငန်းများရဲ့တင်ပြချက်များကို နယ်မြေဒေသအတွင်းမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းအဖွဲ့အစည်းများနဲ့ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်ချက်များကို အလေးထားပြီးဆောင်ရွက်ပေးသွားပါ့မယ်။ ယနေ့ ဆွေးနွေးချက်များ အားလုံးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။